# ဈာန်လေးပါး

**၁။ ဣဓ ဘိက္ခဝေ ဘိက္ခု – ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။**

ရဟန်းတို့– ဤသာသနာတော်၌ ရဟန်းသည် ဝတ္ထုကာမ,ကိလေသာကာမတို့မှ ကင်းဆိတ်၍သာလျှင်၊ အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်၊ ကြံစည်ခြင်းဝိတက်လည်း ရှိသော၊ စဉ်းစားခြင်းဝိစာရလည်း ရှိသော၊ **နီဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊** နှစ်သိမ့်မှုပီတိ ချမ်းသာမှုသုခလည်းရှိသော၊ ပထမဈာန်သို့ ရောက်လျက်နေ၏။

**၂။ ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။**

**ကြံစည်ခြင်းဝိတက်, စဉ်းစားခြင်းဝိစာရတို့၏ ကင်းငြိမ်းခြင်းကြောင့်၊** ကိုယ်တွင်းသန္တာန်၌ဖြစ်သော, ကြည်လင်စေတတ်သော၊ စိတ်၏ တစ်ခုတည်းအဖြစ်ကို ပွားစေတတ်သော၊ **ကြံစည်မှုဝိတက်လည်းကင်း, စဉ်းစားမှုဝိစာလဲကင်းသော၊ သမာဓိကြောင့်ဖြစ်သော** နှစ်သိမ့်မှုပီတိ, ချမ်းသာမှုသုခရှိသော၊ ဒုတိယဈာန်သို့ ရောက်လျက်နေ၏။

**၃။ ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ, သတော စ သမ္ပဇာနော, သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"တိ၊ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။**

နှစ်သိမ့်မှုပီတိ၏လည်း ကင်းခြင်းကြောင့်၊ အညီအမျှ ရှုလျက်၄င်း, သတိသမ္ပဇဉ်ရှိလျက်၄င်း နေ၏။ စိတ်၏ ချမ်းသာမှုကိုလည်း နာမ်အပေါင်းကိုယ်(နာမကာယ)ဖြင့် ခံစား၏။ အကြင် တတိယဈာန်ကြောင့် ထိုတတိယဈာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ဘုရားစသော အရိယာတို့သည် "အညီအမျှ ရှုနိုင်ပေသည်, သတိ–ကောင်းပေသည်, ချမ်းသာစွာ နေနိုင်ပါပေသည်"ဟူ၍ ချီးမွမ်းပြောဆိုကြကုန်၏။ ထိုတတိယဈာန်သို့ ရောက်လျက်နေ၏။

**၄။ သုခဿ စ ပဟာနာ, ဒုက္ခဿ စ ပဟာနာ, ပုဗ္ဗေဝ သောမနဿ,ဒေါမနဿာနံ အတ္ထင်္ဂမာ, အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။**

သုခ၏ ကင်းခြင်းကြောင့်၄င်း၊ ဒုက္ခ၏ ကင်းခြင်းကြောင့်၄င်း၊ သောမနဿနှင့် ဒေါမနဿတို့၏ ရှေးအဖို့ကပင် ချုပ်ခြင်းကြောင့် ဆင်းရဲချမ်းသာ နှစ်မျိုးလုံးကင်းသော၊ ဥပေက္ခာကြောင့် သတိ၏ လုံးဝ စင်ကြယ်မှုရှိသော စတုတ္ထဈာန်သို့ ရောက်လျက်နေ၏။